အလည်ရွာကျေးရွာ
အလည်ရွာကျေးရွာအုပ်စု
မိတ္ထီလာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အလည်ရွာကျေးရွာ၊ မိတ္ထီလာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊အောက်တိုဘာလ

မာတိကာ

မာတိကာ ၂

၁. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ သယံဇာတပြဓေပုံ ၃

၂. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂


၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၈
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား


၁. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ သယံဇာတပြမြေပုံ



၂. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပုံ



၄. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

အလည်ကျေးရွာအုပ်စုအတွင်းရှိ အလည်ရွာကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး မိတ္ထီလာမြို့နှင့်(၁၀)မိုင်ခန့်ကွာဝေးပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၈၁.၃)မိုင်တိုင်မှ အရှေ့ဘက်မြေသားလမ်း (၁)ဖာလုံခန့်အကွာတွင် တည်ရှိပါသည်။ အလည်ရွာကျေးရွာသည် ဧရိယာအကျယ်အဝန်း (၃၅)ဧကခန့်ရှိပြီး ရွာ၏အရှေ့ဘက် (၁)မိုင်ခန့်တွင် ကြာကန် ကျေးရွာ၊ မြောက်ဘက်တွင် နွားစားငုတ်ကျေးရွာ ၊ အနောက်ဘက်တွင် ရေငံကျေးရွာ နှင့် ရွာ၏ တောင်ဘက်တွင် သဖန်းပင်ရိုးကျေးရွာ တို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသော ကျေးရွာဖြစ်ပါသည်။ အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သောကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်တွင် လယ်မြေ(၃၃၈)ဧကက ၊ ယာမြေ (၆၆၂)ဧကက ရှိပြီး လယ်မြေယာမြေပေါများပြီး မိုးရာသီတွင် စိမ်းလန်းစိုပြေ၍ မိုးရာသီကုန်ဆုံးပါကလယ်ယာမြေများပူပြင်းခြောက်သွေ့သောဒေသအမျိုးအစားဖြစ်ပါသည်။ အလည်ရွာကျေးရွာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၊ စာကြည့်တိုက် ၊ တိုက်နယ်ဆေးရုံ ၊ မြန်မာနိုင်ငံရဲကင်းစခန်း ၊ အထက်တန်းကျောင်းနှင့် စာကြည့်တိုက် စသည့် အခြေခံအဆောက်အဦးများပြည့်စုံစွာရှိသည့် ကိုယ်ပိုင်ကျောင်းလည်း(၂)ကျောင်းရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာ ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အလည်ရွာကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၆°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၃°C ရှိတက်ပါသည်။အလည်ရွာကျေးရွာသည် မြန်မာနိုင်ငံအလည်ပိုင်းမိုးနည်းဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးလုံလောက်စွာမရရှိပါ။အလည်ရွာ၏ အနောက်ဘက်ရှိ ကျားပြင်းဆည်မှာကျိုးနေပါသဖြင့် မိုးရေကိုသာ

အဓိကအားကိုးရပြီး မိုးကောင်းရေသောက်အမျိုးအစားဖြစ်ပါသည်။ ယာမြေများမှာလယ်မြေများထက် မြေဆီမြေဩ ပိုမို ကောင်းမွန်ပါသည်။တစ်ခါတရံ မိုးခေါင်ခြင်းကြောင့် ရာသီဥတုမှန်ကန်ခြင်းမရှိပါ။

နွေရာသီတွင် ရေရှားမှုနှင့် ရင်ဆိုင်ရသောအခါတွင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေ အရင်း အမြစ်များမှ စက်ရေတွင်း(၁)တွင်း ဖြင့် စိုက်ပျိုးရေကို သုံးစွဲခဲ့ကြရပါသည်။ယာမြေ (၃၃၈) ဧက အနက် (၁၅၀)ခန့်မှာ ဆည်ကိုရယူအသုံးပြုနိုင်ပါသည်။ ကျန်လယ်မြေနှင့် ယာမြေများမှာ မိုးတွင်းကာလ ချောင်းမြောင်းများရေသာချိန်တွင်သာ အသုံးပြုနိုင်ကြပါသည်။ မြောင်းမကြီးနှင့် ဝေးသောကြောင့် ရေများ အလုံ အလောက်ရရှိခြင်းများမရှိပေ။ စိုက်ပျိုးရေးအတွက် ရေချိုရရှိသော်လည်း မြေအောက်ရေ အားပေ့၅၀ခန့် တူးရပါသည်။ထွန်ယက်စိုက်ပျိုး နိုင်သည့်မြေများကို ငြုပ်၊ စပါး၊ ပဲ ၊ ဝါ စသည့် သီးနှံများကိုမိုးဦးကျမှ မိုးတွင်းတစ်တွင်းလုံးစိုက်ပျိုးကြပြီး နွေရာသီတွင် ယာခင်းနှင့် လယ်ကွင်းများ လှပ်ထားပြီး စိုက်ပျိုးခြင်းမရှိပါ။ ကျိုးနေသည့် ကျားပြင်းဆည်အား ပြန်လည်ပြုပြင်နိုင်မည်ဆိုပါက စိုက်ပျိုးရေးအတွက်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ကျေးရွာအနီးတွင် သဘာဝ အရင်းအမြစ်များအနေဖြင့် သဲ ၊ ကျောက်စရစ် ၊ သယံဇာတ ၊ ဓါတ်ငွေ့ ၊ ရေနံ များမရှိဘဲ သဘာဝ အပင်မျိုးစိတ်များ ၊ ဆေးဘက်ဝင် အပင်များဖြစ်သော ဆင်တုံးမန္ကယ် ၊ မလံတောင်ဝှေး ၊ သံမနိုင် ကျောက်မနိုင် ၊ မန်ကျည်း ၊ ဇီး ၊ ထန်း ၊ ဌက်ပျော် ၊သရက် စသည့် အပင်အမျိုးအစားများ အနည်းငယ် သာ တွေ့ရပါသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

အလည်ရွာ ကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၁)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၁) ဖွဲ့ ရှိသည်။ဖွံ့ဖြိုးရေးနှင့်လုံခြုံရေးအဖွဲ့အစည်း (၃)ဖွဲ့၊ ဘာသာရေးအဖွဲ့ (၃)ဖွဲ့ရှိပါသည်။ ၄င်းအဖွဲ့ အစည်း များသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြ သည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်

ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

အလည်ရွာကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများ တွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင် ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများတွင် ကူညီဆောင်ရွက် ပေးနိုင် ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ် မီးလင်းရေး ကော်မတီဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ် မီးလင်းရေး ဘဏ္ဍာများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော ရေကော်မတီ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန် အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက်အဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်းစသော ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင်အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

အလည်ရွာ ကျေးရွာ၏ အဓိကစီးပွားရေး လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအပြင် အုတ်လုပ်ငန်း၊ ဆံပင်လုပ်ငန်း ၊ လက်သမား ၊ ပန်းရံ၊ဆံသ ၊ အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ စုစုပေါင်း အိမ်ထောင်စု ၏ ၆၇% ဖြစ်သော

(၁၅၀ အိမ်ထောင်စု)သည် လယ်ယာစိုက်ပျိုးခြင်းကိုကိုယ်ပိုင်လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းကို အဓာန လုပ်ကိုင်သူများ မှာအိမ်ထောင်စု၏ ၂၅% (၅၅ အိမ်ထောင်စု) ရှိနေသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာ အိမ်ထောင်စုတစ်ဝက်ကျော်ခန့်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူများ ဖြစ်ကြပြီး အခြားစီးပွားရေးအဖြစ် မွေးမြူရေး ၊ အုတ်လုပ်ငန်း ၊ ဆံပင်လုပ်ငန်း ၊ လက်သမား၊ပန်းရံ ၊ ဆံသ ၊ အိမ်ဆိုင်၊ကိုယ်ပိုင်အထက်တန်းကျောင်းများဖွင့်ခြင်း၊ နိုင်ငံဝန်ထမ်းများ၊ယဉ်ပိုင်ရှင်များ ၊ အရောင်း အဝယ်ပွဲစားများ တောင်သူအဓာန်များ လုပ်ကိုင်ကြပါသည်။စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီးသီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက် ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးရေမမှန်ပါက သီးနှံ ထွက်နှုန်း မကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။

လက်သမား၊ ပန်းရံနှင့် အခြားကျပန်းလုပ်ငန်းလုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့်တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံ ဆုံးရှုံးမှု ရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရ တက်ပါသည်။

အလည်ရွာကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့်ခွဲခြားထားသော်လည်း အလွန်အဆင်မပြေသော အိမ်ထောင်စုမရှိပါ ။ ဥစ္စာဓန အဆင့် အခြေအနေအရ ကျေးရွာအိမ်ထောင်စု၏ (၄၅%)သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ပြီး ၊ အလယ်အလတ်အိမ်ထောင်စုမှာလည်း (၄၅ %) ခန့်ရှိပါသည်။ ကျန်(၁၀%)မှာ မပြေလည်သောအိမ်ထောင်စု ဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အလည်ရွာကျေးရွာသည် ဥစ္စာဓနအဆင့်အနေဖြင့် အလားအလာကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

၄.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

အလည်ရွာကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် ဓမ္မာရုံရှိပါသည်။မူကြိုကျောင်း ၊ အခြေခံပညာအထက်တန်း ကျောင်းဆောင်(၂)ထပ် ဆောင်(၁)ဆောင်၊ (၁)ထပ်ဆောင်(၃)ဆောင်

ရှိပါသည်။ရွာတွင်းလမ်းအကျယ် ၂၀ပေ ၊ အရှည် ၂၀၀ပေ မြေသားလမ်းရှိပါသည်။ ထို့အပြင် ရပ်ကွက်အုပ်စုအုပ်ချုပ်ရေးမှူးရုံး ၊ စာကြည့်တိုက် ၊ တိုက်နယ်ဆေးရုံ ၊ မြန်မာနိုင်ငံရဲကင်းစခန်း ၊ အထက်တန်းကျောင်းနှင့် စာကြည့်တိုက်တို့ရှိပါသည်။ အလည်ရွာ ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသား လမ်းဖြစ်သဖြင့် နွေရာသီတွင် ဖုန်ထူခြင်း ၊ မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများ ဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန်လိုအပ်သည်။

အလည်ရွာကျေးရွာတွင် ၂၀၁၇ ခုနှစ်ကတည်းက မြန်မာ့လျှပ်စစ်ဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိပြီးဖြစ်ပါသည်။ အဆိုပါဓါတ်အားလိုင်းအားအတွက် တစ်အိမ်ထောင်လျှင် ထည့်ဝင်ငွေ စုစုပေါင်း (ဖိသိန်းခွဲ)ထည့်ဝင်ရသဖြင့် ကျေးရွာစုစုပေါင်းအိမ်ထောင်စု ၏ ၇၅% သည် မဟာဓါတ်အားလိုင်းကို လက်ရှိအသုံးပြုနေကြပါသည်။ကျန် ၂၅%သည် ငွေကြေးအခက်အခဲကြောင့် လျှပ်စစ်မီးတပ်ဆင် အသုံးပြုနိုင်ခြင်းမရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲသောအိမ်ထောင်စုများဖြစ်သည်။ အဆိုပါအိမ်ထောင်စုများသည် ဆိုလာမီး အသုံးပြုလျှက်ရှိပါသည်။ ကျေးရွာရှိ VEDIO ပြသသည့် အိမ်ထောင်စု(၁)စုသာ မီးစက် အသုံးပြု သည်ကိုလေ့လာတွေ့ရှိရပါသည်။

အလည်ရွာ ကျေးရွာဘေးတွင်မြစ်မရှိသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်မှုများမှ မရှိပါ။ အခြားသော သယ်ယူပို့ ဆောင်ရေး ယာဉ်များကို ဧယားတွင်ဖော်ပြထားပါသည်။ စက်ဘီး(၄၁)စီး မှာ ရွာတွင်း နှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ် (၁၉၁) စီး မှာ သွားလာရေးယာဉ်အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် ကား(၁၀)စီးနှင့် နွားလှည်း (၈၄) စီးရှိသည်။ ကား အစီး (၁၀) မှာ လုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြု နိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီး ရရှိသော အိမ်များမှာတီဗွီမှ ဗဟုသုတအစီအစဉ်များကြည့်ရှုကြသည်။

၄.၈။ ပညာရေး

အလည်ရွာကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းရှိသည့်အပြင် ကိုယ်ပိုင်အထက်တန်းကျောင်းများလည်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ကျောင်းသူများမှာလည်း အခြေခံပညာအထက်တန်းအဆင့် ထိ (၁၄၈)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာ စတုရန်းပေ(၄၈၀၀၀) ရှိသည်။အဆိုပါကျောင်းဆောင်များထဲတွင် (JICA)မှ နှစ်ထပ်ကျောင်းဆောင်(၁)ဆောင် ၊ အလှူရှင်မှ တစ်ထပ်ကျောင်းဆောင်(၂)ဆောင်နှင့် နိုင်ငံတော်မှ တစ်ထပ်ကျောင်းဆောင်(၂)ဆောင် နှင့် ရပ်ရွာမှ ကျောင်းခန်းမ(၁)ဆောင်တည်ဆောက်ထားခြင်းဖြစ်ပါသည်။

စာသင်ကျောင်းဆောင်၏ အရည်အသွေးမှာ သင့်တင့်သည့် အနေအထား ရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှု ရှိပါသည်။ ကျောင်းပညာရေးအားပိုမိုအားကောင်းစေရန် ဆရာ(၅)ဦး၊ ဆရာမ(၂၅)ဦး၊ပေါင်း(၃၀)ဦးရှိပါသည်။ သင်ထောက်ကူပစ္စည်းများ ထားရှိပေးခြင်း၊ ကျောင်းသား/သူများ ဘက်စုံထူးချွန်စေမည့် စီမံချက်များလုပ်ဆောင်ပေးရန်လိုအပ်လျက်ရှိပါသည်။

အလည်ရွာကျေးရွာ၏ စာမတတ်သူဦးရေမှာ ဇနှစ်အထက် စုစုပေါင်းလူဦးရေ၏ (၂%)မျှသာဖြစ်ပြီး မူလတန်းပညာပြီးဆုံးသူမှာ (၂၈%) ဖြစ်သည်ကို တွေ့ရှိရပါသည်။ စာတတ်မြောက်မှုနှုန်းကို ခြုံ၍ ကြည့်ပါက မူလတန်းပညာ ပြီးဆုံးသူ(၂၈%)၊ အလယ်တန်းပညာ ပြီးဆုံးသူ (၄၁%)၊ အထက်တန်း ပညာပြီးဆုံးသူ (၁၇%)၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ(၁၂%)ဖြစ်သောကြောင့် ကျေးရွာတွင် စာတတ်မြောက်မှုနှုန်းများခြင်းနှင့် ပညာရေး စိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ် အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

အလည်ရွာကျေးရွာတွင်ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အလည်တိုက်နယ်ဆေးရုံ ရှိပြီး အဆိုပါဆေးရုံတွင် ဆရာဝန် (၁)ဦး ၊ သူနာပြုဆရာမ(၂)ဦး နှင့် သားဖွားဆရာမ(၃)ဦး ရှိပြီး ကန်နီကျေးရွာအုပ်စု ၊ ဆပ်ပြာကျင်းကျေးရွာအုပ်စုနှင့် အနီးအနားရှိကျေးရွာများမှ လာရောက်ကုသမှု ခံယူကြပါသည်။ ကျေးရွာတွင် အဖြစ်အများဆုံးရောဂါများမှာ ဆီးချို ၊ သွေးချို ၊ လေဖြတ် ၊ သွေးတိုး ရောဂါများအဖြစ်များပါသည်။ သို့သော်လည်း တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းအင်အား မလုံလောက်သဖြင့်ထပ်မံဖြည့်တင်းရန်လိုအပ်ပါသည်။ကျေးရွာသူ/ ကျေးရွာသားများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေး ကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစား အသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း တို့ ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီလာရောက်ကုသမှုရှိ၍ ကျန်းမာရေး ဗဟုသုတ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိပါသည်။ သို့သော်လည်း အရေးပေါ် ကိစ္စများ တွင် ကျန်းမာရေးဝန်ဆောင်မှု အချိန်မှီ ရရှိနိုင်ရန်အတွက် တိုက်နယ်ဆေးရုံတွင် လူနာများပြား သည့် အချိန်တွင် ကျန်းမာရေးဝန်ထမ်းအင်အားလုံလောက်မှုမရှိပါသဖြင့် ကျန်းမာရေးဝန်ထမ်း တိုးမြှင့် ခန့်ထားခြင်းတို့ ပြုလုပ်ပေးရန်လိုအပ်လျက်ရှိသည်။

သောက်ရေအတွက် ကျေးရွာတွင် အများပိုင်လက်တူးတွင်းကျယ်(၁)မှာ ရေချိုထွက်ရှိပါသည်။ ပုဂ္ဂလိ စက်ရေတွင်း (၉၇)တွင်းခန့်ရှိသော်လည်း ရေငန်သဖြင့် သုံးရေအဖြစ်သာ အသုံးပြုနိုင်ပါသည်။အချို့မှာ သောက်သုံးရေအတွက် အုတ်ကန်ကြီးကြီးပြုလုပ်ထားပြီး မိုးရာသီရရှိသော မိုးရေကိုသိုလှောင် အသုံးပြုပါသည်။ကျေးရွာတွင် မြေသားရေကန်(၄)ကန်ရှိသော်လည်း ကျေးရွာတောင်ဘက်ရှိ ကန် (၁)ကန်သာသောက်ရေအတွက်အသုံးပြုပါသည်။ ကျန်(၃)ကန်အား တိရိစ္ဆာန်မွေးမြူရေးချိုးရေနှင့် သုံးရေအဖြစ် အသုံးပြုကြပါသည်။ အဝီစီ စက်တပ်နှင့် တုံကင်တွင်းများ ရှိသည့်အတွက် ရေအခက် အခဲ မရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အလည်ရွာ ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း အမှိုက်စွန့်ပစ်နိုင်ရေး နေရာသတ်မှတ်ထားရှိသော်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ် တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေး စီမံ ဆောင်ရွက်လျှက်ရှိပါ သည်။ ကျေးရွာတွင်တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်းများရှိပါသည်။အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်း၍ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

အလည်ရွာကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေး မှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

အလည်ရွာ ကျေးရွာတွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီး လှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်း ကာလ ဥပုသ်နေ့များ၌ ပိဏ္ဍပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေး နာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ အလည်ရွာ ကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၃၀၀၀/–) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၇၀၀၀/ _) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက် လုပ်အားလပျမ်းမျှမှာ (၃၀၀၀/–)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၇၀၀၀/ –) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၅၀၀၀/ –) ကျပ်ရရှိကြ သည်။ အခြားနိုင်ငံဝန်ထမ်းများတွင်အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများလည်းရှိပါသည်။

၅. အလည်ရွာကျေးရွာအုပ်စု ၊ အလည်ရွာကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာတွင်းလမ်းခင်းခြင်းအကျယ်၂၁ပေ၊အရှည်၂၀၀၀ပေ	၁
ကျေးရွာစိုက်ပျိုးရေရရှိရေးကျိုးနေသောကျားပြင်းဆည်ပြုပြင်ခြင်း	၂
ကျေးရွာအားကစားကွင်းပြုလုပ်ခြင်း	၃
ကျေးရွာရေသန့်ရရှိရေး	၄
ရွာတွင်းဒူးလမ်းများခင်းခြင်း	၅

နောက်ဆက်တွဲ (၁)

အလည်ရွာအုပ်စု၊ အလည်ရွာကျေးရွာ၏ ကျေးရွာဖွဲ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစံငြိမ်း		၉/မထလ(နိုင်)		နာယက	
၂	ဦးကျော်မင်းလှိုင်		၉/မထလ(နိုင်)		နာယက	
၃	ဦးကျော်မင်းဦး		၉/မထလ(နိုင်) ၁၅၀၈၁၃		ဥက္ကဋ္ဌ	၀၉၇၈၃၇၆၇၆၆၈
၄	ဦးစိုးလွင်		၉/မထလ(နိုင်)၁၅၀၃၇၈၇		အတွင်းရေးမှူး	၀၉၇၈၃၆၅၃၉၈၀
၅	ဦးအောင်ကျော်ဝင်း		၉/မထလ(နိုင်)၀၈၉၉၈၃		အဖွဲ့ဝင်	၀၉၄၅၂၀၃၅၆၂၆
၆	ဒေါ်ကြည်ဝင်း		-		အဖွဲ့ဝင်	
၇	ဒေါ်ခင်နီလာ				အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၆	၁၀
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၀	၁၈	၃၈
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၂	၃၉	၇၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၂	၂၇	၅၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၁၈	၃၆၅	၆၈၃
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၄	၅၂	၈၆
စုစုပေါင်း		၄၄၀	၅၀၇	၉၄၇
စုစုပေါင်း အိမ်ထောင်စု				၂၂၁

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု အလည်ရွာတွင် လူဦးရေ တိုးပွားနှုန်းမှာ(၄%)ကျော်ခန့်ရှိပါသည်။ ကျားမအချိုးအစားမှာ ကွာဟမှုနည်းပါးပါသည်။ သက်ကြီးရွယ်အိုများလည်းလူဦးရေ၏ ၉% ခန့်ရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ပါသည်။ အလုပ်လုပ်နိုင်သည့်လူဦးရေအရေအတွက်များပြားသဖြင့် တိုးတက်မှုအလားအလာ ကောင်းမွန်သော ကျေးရွာသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀၀	၄၅၀	၄၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၉၀	၂၀၀	၀	မြင့်☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၇	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၁	၅၄	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၁၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၈	၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၆	၂၀	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၆	၂၀	၀	☒
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် ယာဉ်ပိုင်ရှင်များနှင့် အရောင်းအဝယ်ပွဲစားများ ဝင်ငွေကောင်းပြီး လက်လုပ် လက်စားများအနေဖြင့် ဝင်ငွေနည်းပါသည်။ အလည်ရွာကျေးရွာတွင် ဘော်ဒါ(၂)ခု ရှိပါသည်။သင့်ဘဝ ပညာရေးမိသားစုနှင့် ပညာတံခွန်အောင် မိသားစုဘော်ဒါဖြစ်ပါသည်။ ဆံပင်ရှင်း လုပ်ငန်းများ နှင့် ဝန်ထမ်းများလည်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၃၀၀၀	၃၀၀၀	၀	၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**
မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)
(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)
လေ့လာတွေ့ရှိချက်။ ။အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး အတွက် လုပ်သားဌားရမ်းရခက်ခဲပါသည်။ ဆောက်လုပ်ရေးသုံးလုပ်သားများလည်း လိုအပ်ပါက တုံးအိုင်ကျေးရွာနှင့် အင်ကြင်းကုန်းကျေးရွာတို့မှ လုပ်သားဌားရမ်းရပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ	၃၃၈.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၆၂.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၁၀၀၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။အလည်ရွာကျေးရွာအုပ်စု ၊ အလည်ရွာတွင် လယ်ယာမြေ ဧက(၁၀၀၀)ခန့် ရှိပြီး လယ်မြေ၏ ၉၀% ခန့်မှာ ပုံစံ(၇)ရရှိပြီးဖြစ်ပါသည်။ ယာမြေများက စိုက်ပျိုးရန် မြေအရည် အသွေးပိုမိုကောင်းမွန်သည်ဟုသိရပါသည်။ အလည်ရွာအနောက်ဘက်ရှိ ကျားမင်းဆည်ကျိုးနေ သဖြင့် မိုးကောင်းရေသောက်အမျိုးအစားများဖြစ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာပတ်ဝန်းကျင်တွင် သဲ ၊ ကျောက်စရစ် ၊ သယံဇာတ ၊ ဓါတ်ငွေ့ ၊ ရေနံများမရှိဘဲ သဘာဝ အပင်မျိုးစိတ် နွားစာ ၊ ဆေးဘက်ဝင်အပင်များ အနည်းငယ်သာ ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀၀	၁၀၀	၂၁	၀

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာအုပ်စု အလည်ရွာကျေးရွာတွင် အများစုမှာ ဥစ္စာဓန အဆင်ပြေကြပြီး မပြေလည်သော အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ အဓိကစိုက်ပျိုးရေး လုပ်ငန်း ကို လုပ်ကိုင်ကြပါသည်။

(ငြ) ထိခိုက်လွယ်မှု

(ငြ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာတွင် ဝမ်းစာဖူလုံမှု အခြေအနေ ကောက်ယူထားခြင်းမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၁၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၁၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာအုပ်စု အလည်ရွာကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး၊ အမျိုးသား ဦးဆောင်သောအိမ်ထောင်စု(၂၀)ခန့်ရှိပြီး ကြုံရာကျပန်း လုပ်ကိုင်စားသောက်ကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်☐ လတ်☑ နိမ့်☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့်☐ လတ်☑ နိမ့်☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၆	မုန်တိုင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့်☐ လတ်☑ နိမ့်☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၂	ဌက်ဖျားရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့်☐ လတ်☐ နိမ့်☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအနေဖြင့် စိုက်ပျိုးရေရှားပါးခြင်း၊ တိဘီရောဂါဖြစ်ပွားမှုရှိခြင်း နှင့် ရွာတွင် ထရံကာသက်ကယ်မိုးများ များသဖြင့် မီးဘေးစိုးရိမ်ရပါသည်။ ၁၉၉၇ ခုနှစ် နှင့် ၁၉၇၃ ခုနှစ်ခန့်ကတစ်ရွာလုံးနီးပါး မီးဘေး(၂)ကြိမ် ခံစားခဲ့ရပြီး ရွာလမ်းများမှာလည်းကျဉ်းပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
၁	လူငယ်	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
		နိမ့် ☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐
		နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာတွင် ထိခိုက်သက်ရောက်မှုအထူးတလည် ခံစားရသူများ မရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၂၂	၁	၂၃	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း☑ သင့် ☐ ညံ့ ☐
၂	Pact အဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၃	၄	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☐ သင့် ☑ ညံ့ ☐
၃	မြစိမ်းရောင်အဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၄	၃	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐
၄	ဓမ္မစကြာအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၀	၂၄	၂၄	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၅	မီးလင်းရေး	၁ ☐ ၂ ☑ ၃ ☐	၁၆	၀	၁၆	ပညာရေး☐ ငွေကြေး ☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☑	ကောင်း☑ သင့် ☐ ညံ့ ☐
၆	လူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၃	၀	၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☑	ကောင်း☑ သင့် ☐ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။အလည်ရွာကျေးရွာတွင် ကျေးရွာတွင်းလူထုအဖွဲ့အစည်း(၆)ဖွဲ့ခန့်ရှိပြီး ကျေးရွာသာရေးနာရေးကိစ္စများပေါ်ပေါက်ပါက ရွာသူရွာသားအားလုံး ပူးပေါင်းကူညီ ဆောင်ရွက်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ဌေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ဌေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ဌေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ဌေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ဌေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး☐ ဌေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့ အစည်းအနေဖြင့် Pact Myanmar အဖွဲ့အစည်းတစ်ဖွဲ့သာရှိပါသည်။

(ခ) **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(ခ-၁) **သီးနှံထုတ်လုပ်ရေး**

(၁) **စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၇၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၈၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၂၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာတွင် အိမ်ထောင်စုတိုင်းလယ်ယာမြေပိုင်ဆိုင်မှုရှိပြီး မြေယာမဲ့အနည်းငယ်သာရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၁၅၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၁.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာတွင် အများအားဖြင့်မိုးကောင်းရေသောက် အမျိုးအစားဖြစ်ပါသည်။ကျားပြင်းဆည်မှာကျိုးပေါက်နေသောကြောင့်လယ်ဧကအားလုံး၏ ၅၀% ခန့်သာ မိုးရာသီတွင် ဆည်ရေသောက်ရရှိပြီး ကျန်လယ်ယာမြေများမှာ မိုးကောင်း ရေသောက် အမျိုးအစားများ ဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ငြုပ်	၃၀၀	ပိသာ	၁၀၀	၂၀၀	၁၅၀	ဇူလိုင်	နိုဝင်ဘာ	မြင့်☐လတ်☑ နိမ့် ☐	မြင့်☐ လတ်☑ နိမ့် ☐
စပါး	၂၀၀	တင်း	၃၀	၅၀	၄၀	ဩဂုတ်	နိုဝင်ဘာ	မြင့်☐လတ်☑ နိမ့် ☐	မြင့်☐ လတ်☐ နိမ့် ☑
ပဲ	၆၂	တင်း	၅	၁၂	၈.၅	နိုဝင်ဘာ	ဒီဇင်ဘာ	မြင့်☐လတ်☑ နိမ့် ☐	မြင့်☐ လတ်☐ နိမ့် ☑
ဝါ	၃၀၀	ပိသာ	၁၀၀	၃၀၀	၂၀၀	ဇူလိုင်	နိုဝင်ဘာ	မြင့်☐လတ်☑ နိမ့် ☐	မြင့်☐လတ်☑ နိမ့် ☐

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများမှာ မိုးရေကိုသာ အားထားဆောင်ရွက်ရသဖြင့် မိုးဦးကျအချိန်မှသာစိုက်ပျိုးရပြီး နွေရာသီတွင် မြေယာများ ချန်လှပ်ထားရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ဌားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၀	၀	၀	၅၀
လက်တွန်းထွန်စက်	၂	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာတွင် စိုက်ပျိုးရေးသုံးအိမ်သုံးရေစုပ်စက်များသာရှိပြီး မိုးရာသီ ချောင်းမြောင်းများရေလာသည့်အချိန်တွင် စုပ်ယူအသုံးပြုခြင်းဖြစ်ပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာကျေးရွာတွင် သီးနှံအထွက်တိုးစေရန် အခွင့်အလမ်းများ ရှိပါသည်။ စိုက်ပျိုးရေးအတွက် ဆည်ကျိုးနေမှုအား ပြန်လည်ပြုပြင်နိုင်ပါက အခွင့်အလမ်းများ ပိုမို ရရှိနိုင်မည်ဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☑
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐ မဖြေဆိုပါ ☑

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ် ☐ မဖြေဆိုပါ ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။အလည်ရွာကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာအခက်အခဲအနေဖြင့် ရာသီဥတုမမှန်ခြင်းနှင့် အလွယ်တကူမရရှိနိုင်ခြင်းပင်ဖြစ်သည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း:

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း: ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း: ဆောင်ရွက်မှု အခြေအနေ

